# National Coalition Government of the Union of Burma
## ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

၁။ မြန်မာနိုင်ငံသည် သမိုင်းကာလရှည်လျားစွာ တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူယှဉ်တွဲ၍ အခြေချ နေထိုင်ခဲ့ရာ ပြည်ထောင်စုကြီး ဖြစ်ပေသည်။ သမိုင်းတလျှောက်တွင် ကြုံတွေ့ခံစားခဲ့ကြရသော အခက်အခဲ အဟန့်အတားပေါင်း မြောက်များစွာကို သွေးစည်းညီညွတ်မှု ခိုင်မာစွာဖြင့် တိုင်းရင်းသားအားလုံး အတူတကွ ရုန်းကန်ဖြတ်ကျော်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း နှင့်တိုင်းရင်းသား ခေါင်းဆောင်ကြီးများ သည် ကိုလိုနီနိုင်ငံဘဝမှ လွတ်မြောက်ရေး အတွက် ကြိုးပမ်းကြရာတွင် လည်း တဦးအပေါ်တဦး အပြန်အလှန် ယုံကြည်လေးစားမှု ဖြင့် ညှိနှိုင်းဆွေးနွေး အဖြေရှာရေးနည်းလမ်း ကိုကျင့်သုံးကာ ပြည်ထောင်စုသား အားလုံး စည်းလုံးညီညွတ်ရေးကို အောင်မြင်စွာ တည်ဆောက် နိုင်ခဲ့ကြပေသည်။

၂။ ယင်း **ပြည်ထောင်စု သွေးစည်းညီညွတ်ရေးစိတ်ဓါတ်** ကိုအခြေခံလျှက် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေး အစရှိသော ကဏ္ဍနယ်ပယ် အသီးသီး၌ တိုင်းရင်းသားလူမျိုးအားလုံးအတွက် တရားမျှတရေး၊ တန်းတူရေးနှင့် လွတ်လပ်ရေး တို့ကိုအာမခံသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးသဘောတူစာချုပ် တရပ် ၊ **၁၉၄၇ ခုနှစ်၊ ဖေဖေါ်ဝါရီလ(၁၂) ရက်နေ့**တွင် ရှမ်းပြည်နယ် **''ပင်လုံ ညီလာခံ''** ၌ တိုင်းရင်းသား ခေါင်းဆောင်ကြီးများ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်မှာ ယနေ့ဆိုလျှင် (၅၈) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပေသည်။

၃။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွအာဇာနည်ခေါင်းဆောင်ကြီးများသည် ဤ**ပင်လုံစိတ်ဓါတ်** ကိုအခြေခံ၍ လွတ်လပ်ရေးရယူခဲ့ကြသည့် ရည်ရွယ်ချက်မှာပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူခပ်သိမ်းတို့ အား လွတ်လပ်စွာယုံကြည်ခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ အသက်မွေး ဝမ်းကျောင်းခွင့်၊ လွတ်လပ်စွာတွေးတောကြံဆခွင့်၊ လွတ်လပ်စွာရေးသားပြောဆိုခွင့်၊ လွတ်လပ်စွာစည်းရုံးခွင့်၊ လွတ်လပ်စွာ စည်းဝေးခွင့်၊ တရားမဲ့ဖမ်းဆီးချုပ်နှောင်မှုများမှကင်းလွတ်ခွင့်၊ တန်းတူအခွင့်အရေးရပိုင်ခွင့်၊ တန်းတူအလုပ် လုပ်ပိုင်ခွင့်၊ တရားဥပဒေ၏ အကာအကွယ်ပေးမှုကို တပြေးညီရပိုင်ခွင့်၊ အစရှိသည့် ဒီမိုကရေစီ အခွင့်အရေးများကို အညီအမျှခံစားနိုင်ကြစေရန်ဖြစ်ပေသည်။

၄။ သို့သော် အကြမ်းဖက်လိုသူ လူမသမာတို့လက်ချက်ဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသား အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ကြရပြီးချိန်မှစတင်၍ ပင်လုံစိတ်ဓါတ် နှင့်တကွ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးယိုယွင်းခဲ့ရသည်။ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ ဂိုဏ်း ဂဏစွဲများကြီးမားလာမှုကြောင့် စစ်အာဏာသိမ်းရန် လမ်းဖွင့်ပေးလိုက်သကဲ့သို့ဖြစ်ခဲ့ရသည်။ ၁၉၆၂ ခုနှစ် တွင် စစ်အာဏာရှင်စနစ် ကြီးစိုးလာသော အခါတွင်မူ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများဆုံးရှုံးရယုံမျှမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလည်း ပြိုပျက် ခဲ့ရပေသည်။

၅။ ၁၉၈၈ ခုနှစ် လူထု ဒီမိုကရေစီ အရေးတော်ပုံကြီး ပေါ်ပေါက်လာသောအခါ ဒီမိုကရေစီရေး၊ လူ့အခွင့် အရေး တောင်းဆိုမှုများ နှင့်အတူ ပြည်ထောင်စု စည်းလုံးညီညွတ်ရေး (ပင်လုံစိတ်ဓါတ်) သည်လည်းပြန်လည် ရှင်သန်နိုးထလာခဲ့ပေသည်။ ဗိုလ်အောင်ကျော်လမ်း ထုတ်ပြန် ကြေညာချက်(၁၉၉၀)၊ မာနယ်ပလောစာချုပ် (၁၉၉၂)၊ မယ်သရောထသဘောတူညီချက်(၁၉၉၇) နှင့် သူ့မွဲကလိုး သဘောတူညီချက်(၁၉၉၈) အစရှိသည် များသည် ပင်လုံစိတ်ဓါတ် ပြန်လည်ရှင်သန်နိုးထလာခြင်း၏ သမိုင်းမှတ်တိုင်များဖြစ်ပေသည်။ ပင်လုံစိတ်ဓါတ် နိုးကြား ရှင်သန် လာခြင်းသည် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရန် အခြေခံအကြောင်းဖြစ်ပေသည်။ ထိုသို့ပင်လုံစိတ်ဓါတ် ပြန်လည် ရှင်သန်နိုးထလာခြင်း ကို (နအဖ)စစ်အုပ်စုသည် စိုးရိမ်ထိတ်လန့်စွာ ခြေမှုန်းရန်ကြိုးစား အားထုတ် နေပေသည်။

၆။ သို့သော်လည်း နအဖ၏ ကြိုးပမ်းမှုများ အကောင်အထည်မပေါ်ခဲ့ပေ။ ၂၀၀၄ ဖေဖေါ်ဝါရီလ တတိယအကြိမ်မြောက် တိုင်းရင်းသား လူမျိုးများ နှီးနှော ဖလှယ်ပွဲကြီးကို ကော်သူးလေ၊ လော်ခီးလာစခန်းတွင် အောင်မြင် စွာ ကျင်းပနိုင်ခဲ့၍ဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ၏ တပ်ပေါင်းစုများ၊ ပါတီအဖွဲ့အစည်း များမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား အပစ် အခတ်ရပ်စဲရေးအဖွဲ့(၂) ဖွဲ့မှ ကိုယ်စားလှယ်များ၊ လေ့လာ သူများတက်ရောက်ခဲ့ကြသည်။ ယင်းနှီးနှောဖလှယ်ပွဲကြီးတွင် ယနေ့ မြန်မာ့ နိုင်ငံရေး အခြေအနေတရပ်လုံးအား အပြန်ပြန် အလှန်လှန် သုံးသပ်၍ မယ်သရောထ သဘောတူညီချက်(၁၉၉၇) အား အခိုင်အမာ ဆက်လက်ကိုင်စွဲသွားရန် သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။ မယ်သရောထ ဆုံးဖြတ်ချက်အရ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးဖြင့် နိုင်ငံရေး ပြဿနာများကို နိုင်ငံရေးအရဖြေရှင်း၍၊ စစ်မှန် သော ဖယ်ဒရယ် ပြည်ထောင်စုကြီးတည်ဆောက်သွားရန်ဖြစ်သည်။ ဤသည်မှာ လက်ရှိနိုင်ငံရေးအခြေအနေ အလွန်အရေးကြီးနေချိန်မျိုးတွင် တိုင်းရင်းသားအင်အားစုများက အချိန်အခါနှင့်ကိုက်ညီစွာ သွေးစည်းညီညွတ်သောသဘောထား တရပ်ကို ထုတ်ဖေါ်ပြသလိုက်ခြင်းဖြစ်ပေ သည်။

၇။ ဤ (၅၈)နှစ်ပြည့်မြောက်သည့် ပြည်ထောင်စုနေ့ အခါသမယတွင်စစ်အာဏာရှင်စနစ်အောက် မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အစရှိသည့် ကဏ္ဍအသီးသီးတွင် အဖက်ဖက်မှ ယိုယွင်းကျဆင်းလျက်၊ ဒေသတွင်း၌ နိုင်ငံရေးအရ တည်ငြိမ်မှု အနည်းဆုံးနိုင်ငံအဖြစ်လည်းကောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အနိမ့်ဆုံးနှင့် အလုပ်အကိုင် အရှားပါး ဆုံးနိုင်ငံအဖြစ် လည်းကောင်း၊ ပညာရေး ခေတ်နောက်အကျဆုံး နိုင်ငံအဖြစ်လည်းကောင်း၊ ကျန်းမာရေးအရ နိုင်ငံသား တဦးချင်း အတွက် ဆေးဝါးကုသခွင့်အာမခံချက် လုံးဝမရှိသော နိုင်ငံအဖြစ်လည်းကောင်း၊ လူမှုရေးအရ အခြေခံလူ့ အခွင့်အရေး အာမခံချက် အနည်းဆုံး နိုင်ငံအဖြစ် လည်းကောင်း၊ ကလေးသူငယ်များနှင့်အမျိုးသမီးများဘဝလုံခြုံမှု အဆုံးရှုံးဆုံး နိုင်ငံ အဖြစ် လည်းကောင်း၊ ရောက်ရှိနေပေသည်။ ဤသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံကို စစ်တပ်တဦးတည်းပိုင် အဖြစ် လက်ဝါးကြီးအုပ် ချယ်လှယ်ခဲ့ခြင်း၏ ရလဒ်ပင်ဖြစ်သည်။

၈။ သို့ဖြစ်၍ (နအဖ)စစ်အုပ်စုအနေဖြင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးကိစ္စကို ပစ်ပယ် ချောင်ထိုးထားလိုသော သဘောဖြင့် ဒေါ်အောင် ဆန်းစုကြည်အား ဖမ်းဆီးချုပ်နှောင်ကာ၊ စစ်မှန်သော ပြည်သူ့ကိုယ်စားလှယ်များ တိုင်းရင်းသားကိုယ်စားလှယ်များ အား ပါဝင်ခွင့်မပေးဘဲ အတုအယောင် အမျိုးသားညီလာခံကို ဆက်လက်ကျင်းပရန် ဆောင်ရွက်နေသည့်လုပ်ရပ်အား ချက်ချင်း ရပ်စဲပြီး၊ ပြည်သူလူထု၏ဆန္ဒနှင့်အညီ စစ်မှန်သော သုံးပွင့်ဆိုင် နိုင်ငံရေးဆွေးနွေးပွဲဆီသို့ အမြန်ဆုံးတက်လှမ်းသင့်ပေသည်။ ဆွေးနွေးပွဲများ စတင်နိုင်ရေး အတွက် နိုင်ငံရေးရာသီဥတု ကောင်းမွန်ကြည်လင်လာစေရန် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးရန်နှင့် တပြည်လုံး အပစ်အခတ်ရပ်စဲရန် လည်းလိုပေ သည်။ သို့မှသာ တိုင်းရင်းသား လူမျိုးစု အဖွဲ့အစည်း အသီးသီး၏ ကိုယ်စားလှယ်များ ပါဝင်သော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှုများ အလျင် အမြန် ဖြစ်ထွန်းလာမည်ဖြစ်သည်။ ယင်းဆွေးနွေးမှုများမှ တဆင့် စစ်မှန်သော **ပင်လုံစိတ်ဓါတ်** ကိုအခြေခံလျှက် အမျိုးသားပြန်လည် သင့်မြတ် ရေးနှင့်အတူ ခေတ်မီတိုးတက်သော ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတော်သစ်ကြီးကို ထူထောင် နိုင်လိမ့်မည်ဟု ယုံကြည်ပေသည်။

၉။ ထိုသို့ ယုံကြည်သည့်အလျောက် ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ အနေဖြင့် ပြည်တွင်းပြည်ပရှိ ဒီမိုကရေစီ အင်အားစုများနှင့်တိုင်းရင်းသားအင်အားစုများနှင့်အတူ **ပင်လုံစိတ်ဓါတ်** ဆက်လက်ရှင်သန်ဖွံ့ဖြိုးရေး၊ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေး၊ စစ်မှန်သည့် ဒီမိုကရေစီစနစ်ထွန်းကားရေး၊ စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး တည်းဟူသော ရည်မှန်းချက်များ အောင် မြင်သည်အထိ၊ ဦးလည်မသုန် ဆက်လက်ကြိုးပမ်းအားထုတ်ရာတွင် မယ်သရောထ သဘောတူညီချက်(၁၉၉၇) အား အခိုင်အမာ ဆက်လက် ထောက်ခံသွားမည်ဖြစ်ကြောင်း (၅၈)နှစ်ပြည့်မြောက်သည့် ဤပြည်ထောင်စုနေ့ အခါသမယတွင် အလေးအနက် သန္နိဋ္ဌာန်ပြုအပ်ပေသည်။

သက္ကရာဇ် ၁၃၆၆ ခုနှစ်၊ တပို့တွဲ လဆန်း (၄)ရက် ။
ခရစ် ၂၀၀၅ ခုနှစ်၊ ဖေဖေါ်ဝါရီလ(၁၂)ရက်။
**ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ**